## တည်ဆဲကုမ္ပဏီများနှင့် အဖွဲ့အစည်းများ
## သတ်မှတ်ချိန်အတွင်း
## ပြန်လည်မှတ်ပုံတင်နိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ၁၉၁၄ သို့မဟုတ် ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေတို့နှင့် မှတ်ပုံတင်ထားသော တည်ဆဲကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများ အားလုံးသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ နှင့်အညီ ကျင့်သုံးဆောင်ရွက်သည့် အီလက်ထရောနစ် မှတ်ပုံတင်စနစ် MyCO တွင် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ၆ လ ကာလအတွင်း သတ်မှတ်ပုံစံ နည်းလမ်းများ အတိုင်း ပြန်လည်မှတ်ပုံတင်ကြပါရန် ၂၀၁၈ ခုနှစ် ဇွန်လ ၂၂ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံ ကုမ္ပဏီများဆိုင်ရာ စည်းမျဉ်းများ ၂၀၁၈ အပိုဒ် ၄ (ဂ) တွင် “ပြန်လည် မှတ်ပုံတင်ရန်ကာလအတွင်း တည်ဆဲကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုသည် အီလက်ထရော နစ် မှတ်ပုံတင်စနစ်တွင် ပြန်လည်မှတ်ပုံတင်ခြင်း မပြုလုပ်ခဲ့ပါက မှတ်ပုံတင်အရာရှိသည် ထို ကုမ္ပဏီ၏ အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်ပြီး အဆိုပါအကြောင်းကိစ္စကို နိုင်ငံတော် ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။ အဆိုပါ အကြောင်းကြားစာကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြပြီးသည့်အခါ ကုမ္ပဏီသည် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးဖြစ်သည်” ဟု ဖော်ပြပါရှိသဖြင့် တည်ဆဲကုမ္ပဏီများအနေဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မတိုင်မီ မပျက်မကွက် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်နိုင်ပါရန်နှင့် ပြန်လည်မှတ်ပုံတင်ရန် ပျက်ကွက် ပါက ဥပဒေပါ ပြဋ္ဌာန်းချက်အရ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ကြောင်း အသိပေး တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**